# ၸုမ်းၶဝ်းသၢမ်လွင်ႈၵၢၼ်ယိင်းတႆး

# *Shan Women's Action Network*

**SWAN အသင်း၏ (၁၇) နှစ်  ပြည့်အထိမ်းအမှတ် ထုတ်ပြန်ချက်**
**၂၀၁၆ ခုနှစ် မတ်လ ၂၈ ရက်နေ့**

"မိုင်ဆုန်ခ" မင်္ဂလာပါ ဟု ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါသည်။

ယနေ့ ၂၀၁၆ ခုနှစ် မတ်လ ၂၈ ရက်နေ့သည် မိမိတို့အသင်း၏ ၁၇ နှစ်  ပြည့်သည့်နေ့ဖြစ်သည်။  ဤအခါသမယတွင် လူမှုအသိုင်းအဝိုင်းအတွင်းရှိ  ကလေးများ၏ပညာရေး၊ အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျန်းမာရေးစသည့်  လှုပ်ရှားမှုများအား အမျိုးသမီးရေးဝါဒအခြေခံမှုဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် မိမိတို့အသင်းအား အဖက်ဖက်မှ ကူညီပံ့ပိုးပေးသော မိတ်ဆွေများ၊ အလှူရှင်များ၊ ပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းအသီးသီးတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါသည်။

မိမိတို့ အသင်း SWAN ၏ပုံမှန် နည်းဗျူဟာချမှတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို မတ်လ (၂၃ - ၂၅) ရက်နေ့များတွင် ကျင်းပခဲ့ပြီး၊ အသင်း၏လုပ်ငန်းစဉ်အသီးသီးတွင်  တာဝန်ယူဆောင်ရွက်နေသူဝန်ထမ်း (၂၆) ယောက်ပါဝင်တက်ရောက်ခဲ့သည်။ တဆက်တည်းမှာပင် အသင်း၏ နှစ်ပတ်လည် အစည်းအဝေးကို မတ်လ (၂၆ - ၂၈) ရက်နေ့များတွင် ကျင်းပခဲ့ရာ  အသင်း၏ အဖွဲ့ဝင် (၄၇) ယောက် တက်ရောက်ခဲ့ပြီး၊ အသင်း၏ ၂၀၁၆ ခုနှစ် လုပ်ငန်းလှုပ်ရှားမှုများကို တိုင်ပင်ဆွေးနွေး ရေးဆွဲချမှတ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲရလာဒ်များအရ  အစိုးရသစ်တစ်ရပ်ဖွဲ့စည်းလိုက်ခြင်းသည် မိမိတို့ တိုင်းရင်းသားများလိုလားတောင့်တသော ဖက်ဒရယ်ဒီမိုကရေစီစနစ်သို့ ဦးတည်နေသည့်ခြေလှမ်းဖြစ်သည်ဟု မိမိတို့အသင်း SWAN မှ မျှော်လင့်ပါသည်။ သို့သော် သက်ဆိုင်ရာအဖွဲ့အစည်းများစုံညီစွာ ပါဝင်မှုမရှိခဲ့သည့် တစ်နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ရေးထိုးခဲ့ကြပြီးနောက်ပိုင်း ဆက်တိုက် ဖြစ်ပေါ်နေသောတင်းမာမှုများ၊ မြန်မာအစိုးရတပ်၏ စစ်တပ်အင်အားတိုးချဲ့ချထားမှုများအပြင် အချို့တိုင်းရင်းသား လက်နက်ကိုင်အချင်းချင်းကြား စစ်ရန်စောင်နေမှုများကိုလည်း အထူးစိုးရိမ်ပူပန်ပါသည်။

ဆယ်စုနှစ်ပေါင်းများစွာဖြစ်ပွားနေသော  မြန်မာနိုင်ငံ၏  ပြည်တွင်းစစ်အပါအဝင်  လူမျိုးရေးနှင့်စစ်ရေးပဋိပက္ခများဖြစ်တိုင်း ပြည်သူလူထုများသာ အဓိကနစ်နာဆုံးရှုံးကြရသည်။ အထူးသဖြင့် စစ်ရေးအချင်းပွားမှုများကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်းနေရာမဲ့နှင့် စစ်ပြေးဒုက္ခသည်အများစုမှာ မိမိတို့တိုင်းရင်းသူများ၊ အမျိုးသမီးငယ်များနှင့် ကလေးအများအပြားဖြစ်ကာ ဘေးဒုက္ခမျိုးစုံကို ရင်ဆိုင်နေကြရသည်။

ထို့အပြင် ၂၀၁၁ ခုနှစ်မှစ၍ ပိုမိုများပြားလာသော တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုမရှိသည့် ရင်းနှီးမြှုပ်နှံမှုများကြောင့် ပြည်သူများ၏ ဘိုးဘွားပိုင်နေရာများ သိမ်းဆည်းခံရခြင်း၊ မြေယာဆုံးရှုံးခြင်းများနှင့် လူနေမှုဘဝများ အဖျက်ဆီးခံရခြင်းတို့ကို ကြုံတွေ့နေကြရသည်။ သက်ဆိုင်ရာအာဏာပိုင်များ၏ အရေးယူဆောင်ရွက်ပေးရန် တာဝန်ပျက်ကွက်မှု၊ အဂတိလိုက်စားမှုများနှင့် လောဘသမားများကြောင့် မူးယစ်ဆေးဝါးအန္တရာယ်ကို မြန်မာနိုင်ငံတဝှမ်းလုံးတွေ့ကြုံနေကြရာ အမျိုးသမီးများနှင့် ကလေးများ၏ဘဝလုံခြုံမှုကိုလည်း ကြီးမားစွာရိုက်ခတ်နေသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေး၊ တရားမျှတမှုရှိရေးနှင့် အကြမ်းဖက်မှုမှန်သမျှ ပျက်သုဉ်းပြီး ရေရှည် တည်တံ့သော ငြိမ်းချမ်းရေးအတွက် စစ်ပဋိပက္ခများတွင် ပါဝင်ပတ်သက်သူများက အချင်းချင်းအပြန်အလှန် စစ်ရန်စောင်နေမှုများကို ရပ်တန့်ပေးပါရန် SWAN မှ တိုက်တွန်းနှိုးဆော်လိုပါသည်။ ထို့အပြင် ပြည်သူတဦးချင်းမှစ၍ မိသားစု၊ မြို့၊ ရွာ၊ တိုင်းနှင့် ပြည်နယ်များတွင် စိတ်အေးချမ်းသာစွာ အတူတကွနေသွားနိုင်ရန် တိုင်းရင်းသားအားလုံး၏ တန်းတူညီမျှမှုကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် အစိုးရသစ်အပါအဝင် သက်ဆိုင်သူအားလုံးက ကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှုဖြင့် ဟန်ချက်ညီစွာ ကြိုးပမ်းဆောင်ရွက်သွားရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်။**
ယိင်းဟာန်ဖ (+၆၆) ၀၈၉ ၂၆၂ ၇၈၄၈
မွေနွံဟွမ် (+၆၆) ၀၈၃ ၃၂၁၈၂၈၃